# မိတ်ဆက်

## အမှတ်လက္ခဏာတစ်ခုဖြစ်အောင် ဘယ်လိုလုပ်မလဲ

၂၀၁၀ ပြည့်နှစ် နွေရာသီမှာ ကန်တပ်ကီကြက်ကြော်လုပ်ငန်းဟာ စိုးရိမ်ထိတ်လန့်စရာ သတင်းတစ်ခုကို ရလာခဲ့ပါတယ်။ ကန်တပ်ကီ ကြက်ကြော်လုပ်ငန်းကို တည်ထောင်ခဲ့သူ ကာနယ် ဆန်ဒါစ်ကို အသက် ၁၈ နှစ်က ၂၅ နှစ်ကြား အမေရိကန် ၄၀ ရာခိုင်နှုန်းလောက်ကပဲ တကယ့်လူလို့ထင်ကြတယ်လို့ ကုမ္ပဏီက စီစဉ်တဲ့ စစ်တမ်းရလဒ်ထွက်လာတာကြောင့်ပါ။ သေဆုံးတာ နှစ်ပေါင်း ၃၀ ကျော်ဖြစ်တဲ့ ကာနယ်ဟာ ကေအက်ဖ်စီဖောက်သည်မျိုးဆက်သစ်တစ်ခုအတွက်တော့ လူသားအဖြစ်မှ ရုပ်ဆိုင်းသွားခဲ့ပြီဖြစ်ပါတယ်။ အခုအချိန်မှာတော့ သူဟာ Aunt Jemima (မုန့်ကိတ်စားစရာတံဆိပ်) ၊ Mrs. Butterworth (ကိတ်မုန့်တံဆိပ်) လို Morton Salt Girl (အိမ်သုံးဆားကြော်ငြာမှ ထီးဆောင်းမိန်းကလေးရုပ်ပုံ) တို့လို ကော်ပိုရေးရှင်းကြီးတွေရဲ့ တံဆိပ်အမှတ်သားလိုဖြစ်နေပါပြီ။ ကာနယ် ဆန်ဒါစ်ဟာ မျိုးဆက်တစ်ခုအတွင်း စားသုံးသူများအတွက် အပြင်မှာတကယ်မရှိတဲ့လူလို ဖြစ်နေပါပြီ။



အဲဒီလိုမဖြစ်အောင် အသည်းအသန်လည်း ကြိုးပမ်းခဲ့ပြီးပါပြီ။ မအောင်ခဲ့တဲ့အတွက် နောင်မှာ ကန်တပ်ကီကြက်ကြော်တွေကို ဝယ်ယူလာအောင် ဘယ်လိုလုပ်ရပါ့မလဲ ဆိုပြီး တွေးပူလာရပါပြီ။ သာမန်ကာလျှံကာ ကိစ္စလည်းမဟုတ်ပါဘူး။ တံဆိပ်မန်နေဂျာတွေအတွက် စဉ်းစားရမယ့် ကိစ္စဖြစ်နေပါပြီ။ ဒီနိုင်ငံမှာလည်း စားသောက်ဆိုင် ဆိုင်ခွဲတွေအများကြီးရှိတယ်။ ပြည်ပမှာလည်း အများကြီးရှိနေပါတယ်။ နောက်ထပ်လည်းရှိလာဦးမှာပါ။ တချို့ကလည်း ကြက်ကြော်ရောင်းတာပါပဲ။ သူတို့ရောင်းတဲ့ ကြက်ကြော်တွေလည်း အတော်ကိုအရသာရှိကြပါတယ်။ သူတို့နဲ့ ကေအက်ဖ်စီကြား ကွဲပြားတဲ့အချက်ကတော့ ကာနယ်ပဲဖြစ်ပါတယ်။ ပြီးတော့ သူ့ရုပ်ပုံကနေ ဖော်ပြနေတဲ့ ဩဇာရှိမှုသဘောပါပဲ။

သူ့ဩဇာဆိုတာ ဘာကိုဆိုလိုတာပဲ။ ကေအက်ဖ်စီကိုယ်တိုင် သေသေချာချာ သိပုံမရပါဘူး။ ကာနယ်ကွယ်လွန်ပြီး နှစ်ပေါင်း ၃၀ အတွင်း ကေအက်ဖ်စီဟာ ကာနယ်ရဲ့ မူလလက်ရာကြော်နည်းကနေ အဆင်အခြင်မရှိ ရှောင်ပြေးခဲ့ဖူးပါတယ်။ သူ့ရဲ့ ဝတ်စုံဖြူနေရာမှာ စားဖိုမှူးသုံးခါးစည်းရှည်ကို ဆင်ပေးခဲ့ပြီးပါပြီ။ ပြီးတော့ အဲ့ဒီခါးစည်းရှည်ကို ပြန်ချွတ်ခဲ့ပါတယ်။ ကာနယ်ကို ကာတွန်းရုပ်အဖြစ်တောင် ပြောင်းလဲခဲ့ပြီး အဲ့ဒီအရုပ်ကလည်း ဟစ်ဟော့အကတွေဘာတွေတောင် ကပြခဲ့ပါသေးတယ်။ ကာနယ်ရဲ့ အမွေအနှစ်နဲ့ပတ်သက်ပြီး ပြောကြဆိုကြတာတွေရှိခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့အမွေအနှစ်ဆိုတာ ဘာဆိုတာကိုတော့ ရှင်းရှင်းလင်းလင်း မပြောနိုင်ကြပါဘူး။ ဟားလန် ဆန်ဒါစ်ရဲ့ အမွေအနှစ်ဟာ မူလလက်ရာ ကြက်သားကြော်နည်းထက် ပိုပါတယ်။ အဖြူရောင်ဝတ်စုံဝတ်ထားတဲ့ အဘိုးကြီးတစ်ယောက်ထက်ကို ပိုပါတယ်။ ဒါပေမဲ့ လူတွေသဘောတူထားတဲ့ အရာတစ်ခုတော့ရှိပါတယ်။ အဲ့ဒါကတော့ သူဟာ လူများအမှတ်တရပြောနေရမယ့် လူမျိုးစားဖြစ်တယ်ဆိုတာပါပဲ။

သရုပ်သကန်တစ်ခုဆိုတာ မြင်နေကျမျက်နှာမျိုးမဟုတ်ဘူး။ တံဆိပ်လက္ခဏာတစ်ခုမဟုတ်ပါဘူး။ ၁၉၇၀ ပြည့်နှစ်ကျော်ကာလတွေမှာ တအားနာမည်ကျော်ခဲ့တဲ့ ပီတာ ဖရမ်တန်ဟာ သရုပ်သကန်တစ်ခုမဟုတ်ပါဘူး။ သရုပ်သကန်ဆိုတာ သမိုင်းကြောင်းအရပြောရမယ်ဆိုရင် စာမဖတ်တတ်တဲ့သူတွေတောင် မှတ်မိနိုင်တဲ့ ရုပ်ပုံမျိုးဖြစ်ပါတယ်။ သရုပ်သကန်အမှတ်လက္ခဏာတွေဟာ ဘိုင်ဇန်တိုင်းဘာသာရေးရုပ်တုတွေနဲ့စတင်ခဲ့ပြီး နောက်ဆုံးမှာ ရှင်းပြစရာမလိုတဲ့ သင်္ကေတတွေအထိ ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ဘားဆိုင်တွေ၊ စားသောက်ဆိုင်အမည်တွေကိုကြည့်ရင် တွေ့ရမှာဖြစ်ပါတယ်။ ဥပမာပေးရရင် **The Blue Parrot** တို့၊ **The Spotted Pig** တို့ဆိုတာ အရင်တုန်းက ချိတ်ဆွဲထားတဲ့ ဆိုင်တံဆိပ်ကတစ်ဆင့် အဲ့ဒီအမည်တွေ ရလာတာဖြစ်ပါတယ်။ ၂၀ ရာစုမှာတော့ စိတ်ကူးယဉ်လူပုဂ္ဂိုလ်တွေကို ဖန်တီးခဲ့ကြပါတယ်။ အန်တီဂျမီမာနဲ့ အန်ကယ်ဘန်၊ ဂျိုလီဂရင်း ဂျိုင်းယန့်၊ ရိုနယ်မက်ဒေါ်နယ်၊ မစ္စတာကလင်း အစရှိသဖြင့်ပေါ့။ ဒါပေမဲ့ အဲဒီစိတ်ကူးယဉ်အမည်တွေဟာ ကာနယ် ဆန်ဒါစ်လောက် ဩဇာမရှိ၊ အလေးအနက်မရှိခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ ထိပ်တန်းအမှတ်လက္ခဏာတွေထဲမှာ ကာနယ်ဆန်ဒါစ်တစ်ယောက်ပဲ တကယ့်လူသားဖြစ်နေလို့ပါ။

ပြီးတော့ သူဟာ တကယ့်လူသားဖြစ်ရုံတင်မကဘူး။ နားလည်ရခက်ပြီး ဖြစ်ထွန်းအောင်မြင်တဲ့ဘဝကို အသက်ရှည်ရှည်နေသွားတဲ့သူလည်းဖြစ်နေပါတယ်။ အမေရိကန်သမိုင်းမှာ ရာစုနှစ်သုံးခုစာလောက် ပြောစရာတွေရှိတဲ့ ဘဝမျိုးပါ။ ကျေးလက်မှာ မွေးဖွားပြီး စက်မှုထွန်းကားတဲ့ခေတ်မှာ အရွယ်ရောက်တယ်၊ ရုပ်သံကြော်ငြာတွေမှာ ပါဝင်နိုင်ခဲ့သည်အထိ အသက်ရှည်ခဲ့ပါတယ်။ သူဟာ အခုအချိန်မှာ အာကာသထဲကတောင်မြင်ရတဲ့ ရုပ်ပုံကားချပ်ကြီးအဖြစ် ဆက်လက်တည်ရှိနေပါပြီ။ ကာနယ်ဆန်ဒါစ်ကို ၁၈ ရာစုလို့တောင် တင်စားလို့ရလောက်အောင် ခေတ်နောက်ကျတဲ့နေရာမှာ ၁၉ ရာစုနှစ်မှာ မွေးခဲ့ပါတယ်။ ၂၀ ရာစုကုန်ခါနီးအထိနေထိုင်ခဲ့ပြီး ၂၁ ရာစုမှာတော့ လူသားဆန်မှုထက်ကျော်လွန်တဲ့ အဆင့်အတန်းကို ရရှိနေပါတယ်။ သူဟာ အလုံးအရင်းနဲ့ ကြော်ငြာဖို့မဖြစ်နိုင်ဘူးဆိုတဲ့ အစားအစာတစ်မျိုးကို ဟမ်ဘာဂါလိုမျိုး လူတိုင်းစားနိုင်တဲ့အဆင့်ရောက်အောင် လုပ်ခဲ့ပါတယ်။

လူတိုင်းက ကာနယ်လို့ သိကြတဲ့ ဟားလန့် ဆန်ဒါစ်ဟာ သူ့ရဲ့ကောင်း မတော်တဆဖြစ်လာသူမဟုတ်ပါဘူး။ ရည်မှန်းချက်ကြီးကြီး ခွဲသန်သန်နဲ့ လူလုံးပြတတ်တဲ့အကျင့်တွေ၊ အဲဒီအချိန်တုန်းက လူများစုကြိုက်လေ့ကိုနားလည်တဲ့ ဓာတ်ခံတွေကြောင့် မွေးရာပါအမည်ဖြစ်တဲ့ ဟားလန့်ဆန်ဒါစ်ဆိုတဲ့အမည်နဲ့ စားသောက်ဆိုင်လုပ်ငန်းစုပိုင်ရှင်ဆိုတဲ့ အရာတွေကို ကျော်လွန်ကာ အောင်မြင်နိုင်ခဲ့သူဖြစ်ပါတယ်။ ဟားလန့် ဆန်ဒါစ်ဟာ လူမှုဘဝအရ အနိမ့်ဆုံးအဆင့်ကတက်လာခဲ့သူ ဖြစ်ပါတယ်။ လူမှုဘဝတိုးတက်ရေးဟာ လူသားတစ်ယောက်လိုက်နာရမယ့် ကိုယ့်ကျင့်တရားပဲလို့ မှတ်ယူပြီး ကျေးလက်ဆင်းရဲမွဲတေမှုကနေ တစ်ကြိမ်တည်းမဟုတ်ဘဲ အကြိမ်ကြိမ် ရုန်းထခဲ့သူဖြစ်ပါတယ်။ သူဟာ ရထားလမ်းပေါက်တာကိုအခြေခံပြီး ကြီးပွားအောင် လုပ်ခဲ့ပါတယ်။ ကားလုပ်ငန်းထွန်းကားမှုကို အခြေခံပြီး ကြီးပွားအောင် လုပ်ခဲ့ပါတယ်။ နောက်ဆုံး အသင့်စားအစားအစာလုပ်ငန်းနဲ့ ရုပ်သံမီဒီယာထွန်းကားမှုကို အခြေခံပြီး ကြီးပွားအောင်လုပ်ခဲ့ပါတယ်။ ကော်ပိုရေးရှင်းကြီးတစ်ခုက သူ့သမိုင်းကြောင်းကို သူတို့ရဲ့တန်ဖိုးအရှိဆုံး ပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ထားတာကိုက လူတန်းစားမရွေး ကြိုးစားရင် အောင်မြင်မယ်ဆိုတဲ့ အမေရိကန်အိပ်မက်ကို ထင်ဟပ်နေတာလည်းဖြစ်ပါတယ်။ ဟားလန့် ဆန်ဒါစ်ရဲ့ဘဝဟာ ရာစုနှစ်သုံးခုအတွင်း အမေရိကန်လူမျိုးတွေရဲ့ အားထုတ်ကြိုးပမ်းမှုဆိုင်ရာ ယဉ်ကျေးမှုသမိုင်းကို တံတားထိုးဖော်ပြပေးနေပါတယ်။ သူဟာ အဲဒီလိုအားထုတ်ကြိုးပမ်းမှုကို ဘယ်သူမှတုပလို့မရတဲ့နည်းနဲ့ ကိုယ်စားပြုနေပါတယ်။ သူ့လိုလူမျိုး နောက်တစ်ယောက် ဘယ်တော့မှရှိနိုင်မှာမဟုတ်ပါဘူး။

❖